မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

# ရှေ့နေ ကိုရန်နိုင်အောင် (ခ) ကိုဖိုးဖြူအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုမရှိ ဘဲ ဖမ်းဆီးချုပ်နှောင်ထားမှုမှ ပြန်လွှတ်ပေးသင့်ကြောင်း ဥပဒေရေးရာ ထုတ်ပြန်ချက်

## ၁။ ဖြစ်စဉ်အကျဉ်း

၁။ မကွေးမြို့နယ်ရှိ ကျေးရွာ ၅ ရွာမှ ရွာသားများ၏ လယ်မြေဧက ၅၀၀၀ ခန့်ကို ပင်မ စစ်လက်နက်တပ်က သိမ်းယူ ခဲ့သဖြင့် ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ( ILO ) ထံ ၎င်းရွာသားများက တိုင်ကြားခဲ့ရာ အာဏာပိုင်များသည် ပြန်လည်လက်တုံ့ပြန် သည့်အနေဖြင့် ရွာသားများကို တရားစွဲဆိုသည့်အမှုတွင် စွပ်စွဲခံရသူများဘက်မှ အကျိုးဆောင်လိုက်ပါပေးသူ ရှေ့နေ ကိုဖိုးဖြူကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင်အောင်လံမြို့အထွက် စစ်ဆေးရေးဂိတ်၌ နယ်မြေခံအာဏာပိုင်များက မည်သည့်အကြောင်းပြချက်မှ မပေးဘဲ ဖမ်းဆီးခဲ့ပါသည်။[၁]

## ၂။ ဖောက်ဖျက်ကျူးလွန်သော ဥပဒေပုဒ်မများ၏ မူရင်းအဓိပ္ပါယ်

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၇ –

(၁) မည်သည့်အခါမဆို တစုံတယောက်သောသူအား ဖမ်းဆီး၍ ချုပ်နှောင်ထားခြင်းမှ ပုဒ်မ ၆၁ အရ သတ်မှတ် ထားသော ၂၄ နာရီကာလအတွင်း၌ စုံစမ်းထောက်လှမ်းခြင်းကို အပြီးသတ်နိုင်ရန် လက္ခဏာမရှိသည့် အပြင် စွပ်စွဲချက် သတင်းပေးချက်သည် ခိုင်လုံသည်ဟု ယုံကြည်ရန် အကြောင်းများရှိသည့်အခါ ပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှူးဖြစ်စေ၊ စုံစမ်းထောက်လှမ်းခြင်းပြုသော ရဲအရာရှိကဖြစ်စေ၊ အောက်တွင် ပြဋ္ဌာန်းပါရှိသည့်အမှုနှင့် စပ်လျဉ်း၍ နေ့စဉ်မှတ်တမ်းတွင် ရေးသွင်းချက်၏ မိတ္တူတစ်စောင်ကို အနီးဆုံးရာဇဝတ် တရားသူကြီးထံ ချက်ချင်းတင်ပို့ပေးရမည်။ ၎င်းအပြင် တချိန်တည်း တရားခံကို အဆိုပါ ရာဇဝတ်တရားသူကြီး တင်ထံပို့ရမည်။

(၂) ဤပုဒ်မအရ တရားခံကိုလက်ခံရရှိသော ရာဇဝတ်တရားသူကြီးသည် ထိုအမှုကို စစ်ဆေးစီရင်ပိုင်ခွင့် အာဏာ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အခါအားလျော်စွာ မိမိသင့်သည် ထင်မြင်သည့်အတိုင်း တရားခံအား ချုပ်နှောင်ထားခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုသူမှာ ၇ နှစ်အောင်မနည်းသော ကာလ အပိုင်းအခြားအတွက် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ချမှတ်နိုင်သည့် ပြစ်မှုတရပ်ဖြင့် စွပ်စွဲခံရလျှင် ထိုသူကို ချုပ်နှောင်ထားခြင်းသည် စုစုပေါင်း ရက် ၃၀ ထက် မပိုစေရ။

## ၃။ ရှေ့နေ ကိုဖိုးဖြူကို ဆက်လက်ဖမ်းဆီးချုပ်နှောင်ထားခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း ဥပဒေရေးရာ သုံးသပ်ချက်

၁။ ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့မှ ယနေ့တိုင်အောင် ရှေ့နေကိုဖိုးဖြူအား ဖမ်းဆီးချုပ်နှောင်ထားပြီး တရားစွဲတင်ခြင်းလည်းမရှိ ပြန်လွှတ်ပေးခြင်းလည်းမရှိသည်မှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၇ ကို အတိအလင်းချိုးဖောက်ရာရောက်သည်။

---

[1] 2009/01/17 (RFA)

၂။ ရှေ့နေ ကိုဖိုးဖြူသည် ယုံကြည်ချက်အတွက် စွန့်လွှတ်စွန့်စားသူများဘက်မှ ဥပဒေကြောင်းအရ လိုက်ပါခုခံကာကွယ်လျက် တရားမျှတမှုများပေါ်ပေါက်စေရန်ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ၏ အထင်ကရရှေ့နေတစ်ယောက်ဖြစ်ပါသည်။

၃။ ထိုနဲ့သို့ ဥပဒေပညာကို တတ်ကျွမ်းနားလည်သော ရှေ့နေတစ်ဦးကို အာဏာပိုင်များအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုမရှိဘဲ ဆက်လက်ဖမ်းဆီးချုပ်နှောင်ထားခြင်းမှာ အာဏာပိုင်များကိုယ်တိုင် တရားဥပဒေ စိုးမိုးရေးကို ပျက်ပြားအောင်ပြုလုပ်လျက်ရှိသည်ဟု ဝန်ခံသည့်သဘောသို့ သက်ရောက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ –

– ရှေ့နေကိုဖိုးဖြူကို ဖမ်းဆီးချုပ်နှောင်ထားခြင်းမှ ချက်ချင်းလွှတ်ပေးရန် ဥပဒေ ရေးရာ သုံးသပ်ချက် ထုတ်ပြန်အပ်ပါသည်။

ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ
၁၉၊ ၂၊ ၂၀၀၉

**အသေးစိတ်သိလိုပါလျှင် ဆက်သွယ်ရန် – ဦးမျိုး (၀၈၆၂၁၆ ၀၁၀၈)၊ တာဝန်ခံ၊ ဥပဒေ ရေးရာ သုံးသပ်ရေး အဖွဲ့**